# ပြည်သူ့လွှတ်တော် စီမံကိန်းနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ
# ဥက္ကဋ္ဌ ဦးညွန့်ဆောင်
# ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၁

ပြည်သူ့လွှတ်တော် စီမံကိန်းနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆောင် သည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦ ရေးရာဆောင် (I-7) အောက်ထပ်၌ တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့ကော်မတီအနေဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖွံ့ဖြိုးတိုးတက်အောင်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနသည် နိုင်ငံတော်၏စီးပွားရေးအတွက် အရေးကြီးသည့် အဓိကအခန်းကဏ္ဍတွင်ပါဝင်ပါကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် မိမိတို့ဆောင်ရွက်နေရသည့် လုပ်ငန်းများနှင့်ပတ်သက်၍ လွှတ်တော်မှ ဆောင်ရွက်ပေးရမည့် ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးစေလိုပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနမှ ယခုလို အမြဲတမ်းအတွင်းဝန်ဦးစီး၍ ညွှန်ကြားရေးမှူးချုပ်များ နွေးနွေးထွေးထွေး လာရောက်တွေ့ဆုံသည့် အတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဝန်ကြီးဌာန၏ ဖွဲ့စည်းပုံနှင့် မူဝါဒများ၊ မြန်မာ့ဘဏ်လုပ်ငန်း ဝန်ဆောင်မှုအား ခေတ်နှင့်အညီပိုမိုတိုးတက်စေရေးနှင့်ပတ်သက်ပြီး နည်းပညာအသုံးပြု၍ ဆောင်ရွက်နေမှု အခြေအနေများ၊ ကျင့်သုံးလျက်ရှိသော အကောက်ခွန်ဥပဒေ နှင့်ပတ်သက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ အကောက်ခွန်ဆိုင်ရာ မူဝါဒများ၊ ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအရ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများ၊ အာမခံလုပ်ငန်းအား ခေတ်နှင့်လျော်ညီစွာ ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် မူဝါဒ၊ ဥပဒေတို့နှင့်အညီ ပြုပြင် ပြောင်းလဲဆောင်ရွက်နေမှုအခြေအနေများ၊ Centralized e – Pension စနစ်

တိုးတက်အောင် ဆောင်ရွက်နေမှု အခြေအနေများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ထောက်ပံ့မှု တိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများ နှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြကြပြီး ကော်မတီအဖွဲ့ဝင်များမှ အပြန်အလှန်ပူးပေါင်းဆောင်ရွက် နိုင်ရေးအတွက် သိရှိလိုသည်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။